# ASGB သတင်းစာ

**ASG BANCORP MICROFINANCE LIMITED** — **အသေးစားငွေရေးကြေးရေးလုပ်ငန်း**



## အကြောင်းအရာ

1. အောင်မြင်မှုလမ်းကြောင်းပေါ်မှ သူတို့အကြောင်း
2. ASGB ၏ ချေးငွေထုတ်ကုန်များ အကြောင်း
3. ASGB သတင်းများ

- အသစ်ဖြစ်သော Core Banking system တစ်ခုနှင့် မိတ်ဆက်ခြင်း
- ဂျပန်နိုင်ငံရှိ အလုပ်အကိုင်များကိုထောက်ပံ့ရန် ပြည်ပအလုပ်သမား ချေးငွေ မိတ်ဆက်ခြင်း
- ခရမ်းရုံးခွဲ နေရာအသစ်သို့ပြောင်းရွှေ့ခြင်း

4. ငွေကြေးနဲ့သက်ဆိုင်တဲ့ ဗဟုသုတတွေ ရှာကြမယ်

- အကြွေးတွေကို ဘယ်လိုစီမံကြမလဲ။
- ချေးငွေမယူခင် ဘယ်လိုအချက်တွေ ထည့်သွင်းစဉ်းစားသင့်သလဲ။

5. Yoga (ယောဂ) တူတူလုပ်ကြမယ်။



# အောင်မြင်မှု လမ်းကြောင်းပေါ်မှ သူတို့အကြောင်း



အွန်လိုင်း ဘေထုပ်အထည်လုပ်ငန်းကို အောင်မြင်စွာလုပ်ဆောင်လျက် ရှိသော လူငယ်စီးပွားရေးလုပ်ငန်းရှင် မယုမွန်

“ASGB က အတိုးနှုန်းသက်သာတဲ့ ချေးငွေပေးတာတွေက အမှန်တကယ် စနစ်တကျအသုံးချပြီး ကြိုးစား အားထုတ် သူများအတွက် တကယ်ကို အသုံးဝင်ပြီးကောင်းမွန်တဲ့အရာပါ။”

*- မယုမွန် (ရန်ကုန်မှ ဘေထုပ်အထည်လုပ်ငန်း လုပ်ကိုင်သူ) -*

မယုမွန်ကတော့ ၂၀၁၈ ခုနှစ်တည်းက စပြီး ဘေထုပ်အရောင်း အဝယ်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိတဲ့လူငယ်လုပ်ငန်းရှင်တစ်ဦး ဖြစ်တဲ့အပြင် ASGB ရဲ့ အသင်းဝင်တစ်ဦးလည်းဖြစ်ပါတယ်။ လက်ရှိမှာတော့ ASGB ရဲ့ စီးပွားရေး ပြန်လည်ထူထောင်ရေးချေးငွေကို အသုံးပြုလျက်ရှိပါတယ်။ အရင်ကတော့ သူမက ဘေထုပ် အထည်တွေကို သာကေတမှာရှိတဲ့ ဘေထုပ် အထည် လက်ကားဒိုင်ဆိုင်အကြီးကြီးကနေဝယ်ယူပြီးလက်လီလက်ကားရောင်းချပါတယ်။

အဲ့ဒီအချိန်တွေတုန်းက မယုမွန်နဲ့ သူမအမျိုးသားကတော့ဝန်ထမ်း အလုပ်ကိုထွက်ပြီး ဘေထုပ်လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့တော့ အခက်အခဲတွေ စိန်ခေါ်မှုတွေအများအပြားတွေရှိခဲ့ရပါတယ်။ အထူးသဖြင့် ဝင်ငွေထွက်ငွေကို ညီမျှအောင် လုပ်တဲ့ ငွေကြေးစီမံတဲ့အပိုင်းမှာပေါ့။ ထိုအချိန်က သူမအတွက် အရမ်းကိုခက်ခဲတဲ့ အချိန်ဖြစ်ခဲ့ပါတယ်။ တစ်နှစ်လောက်လုပ်ကိုင်ပြီးအမြတ်မပေါ်နိုင်တော့ သူတို့ရဲ့ဆိုင်လေးကို ပိတ်လိုက်ရပါတယ်။

အဲ့ဒါနဲ့ပဲ မယုမွန်နဲ့ သူမအမျိုးသားကတော့ သူတို့ စီးပွားရေး လုပ်ငန်းကို လက်လွှတ်နီးပါးဖြစ်ခဲ့ရပါတယ်။

မယုမွန်တို့ နေတဲ့ နေရာတစ်ဝိုက်မှာ အခြားသော ငွေချေးလုပ်ငန်း(၂)ခု လည်းရှိခဲ့ပြီး ထိုငွေချေးလုပ်ငန်းကနေ ငွေချေးဖို့ တွေးခဲ့သော်လည်း ၎င်းငွေချေး လုပ်ငန်းက အဖွဲ့လိုက် ချေးငွေသာ ရှိခဲ့လို့ သူမတို့ ငွေမချေး ဖြစ်ခဲ့ကြပါဘူး။ သူတို့အမြင်အရ အဖွဲ့လိုက် ချေးငွေယူခြင်းက အဖွဲ့ဝင်များ၏ ချေးငွေကိုပါ တာဝန်ယူရခြင်းကြောင့် စွန့်စားရာ ကြတယ်ဟု ထင်မြင်သောကြောင့် ဖြစ်ပါတယ်။

၎င်းအချိန်တုန်းက သူမရဲ့ သူငယ်ချင်းဖြစ်သူက ASGB မှာ တစ်ဦးချင်း ချေးငွေရသည်ဟု ဆိုသောကြောင့် သူမတို့ အနေနှင့် ASGB ကို ကောက်ရိုးတစ်မျှင် ဆွဲစရာ မျှော်လင့်ချက်တစ်ခုအနေနဲ့ခံစားရပြီး ၂၀၁၉ခုနှစ်မှာစတင်၍ တစ်ဦးချင်းချေးငွေကိုစတင်ယူခဲ့ကြပါတယ်။ အဲ့ဒီအချိန်တုန်းက မယုမွန်က သူမရဲ့ဆိုင်ကို ဗိုလ်တထောင်ကမ်းနားလမ်းမှာ ဖွင့်ပြီး ဘေထုပ်များ ရောင်းချလျက် ရှိပါတယ်။ ASGB ကရတဲ့ အသေးစား ချေးငွေပမာဏနဲ့ ဘေထုပ် အထုပ်ကြီးကြီး ဝယ်ယူပြီး သူမရဲ့လုပ်ငန်းကို ပြန်လည် စတင်ခဲ့ပါတယ်။

ပြီးနောက် မြန်မာနိုင်ငံတွင်လည်း COVID-19 ရောဂါဆိုးကြီး သက်ရောက်လာခဲ့ပါတယ်။ social distancing တွေလုပ်ကြတော့ သူမက ဘေထုပ်များကို Facebookမှာ Live လွှင့်ပြီး လက်လီလက်ကား ရောင်းချခဲ့ပါတယ်။ အဲ့မှရတဲ့ အမြတ်ငွေအချို့နဲ့ဘေထုပ် အထုပ်ကြီးများကို ပိုမိုဝယ်ယူပြီးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ပါတယ်။

သူမရဲ့ဆိုင်ကတော့ Facebook Live sales ကြောင့် လူတော်တော်များများ သိလာပါပြီ။ ကိုယ်တိုင် ကြိုးစားအားထုတ်မှုတွေ၊ငွေစုခဲ့တာတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကြောင့် သူတို့ရဲ့ ငွေကြေး အခြေအနေက တိုးတက်လာခဲ့ပါတယ်။ ယခုအချိန်မှာတော့ မယုမွန်တို့လင်မယားက ဘေထုပ် အထည်များကို လက်ကားတစ်ခုပဲ ရောင်းချလျက်ရှိပါတယ်။ ASGB ကနေ မယုမွန်တို့ ယူထားတဲ့ ချေးငွေနှစ်ခုသုံးခု လောက်ရှိပြီးတော့ ဘေထုပ်အထုပ်များ ဝယ်ယူရာတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ပါတယ်။



# အောင်မြင်မှု လမ်းကြောင်းပေါ်မှ သူတို့အကြောင်း



“ အတိုးနှုန်းသက်သာတဲ့အပြင် ကျွန်မလုပ်ငန်းအတွက် လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်နိုင်တဲ့ ချေးငွေပမာဏရတဲ့အတွက် ASGB နှင့် လက်တွဲဆောင်ရွက်ရတာ သဘောကြပါတယ်ရှင်။ ”

*- မအိမွန်ဝင်း (ခရမ်းမှ ဂန္ဓမာပန်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ) -*

“ခရမ်းမှ
ဂန္ဓမာပန်းစိုက်ပျိုးရေးလုပ်ငန်း
လုပ်ကိုင်သူ
မအိမွန်ဝင်း”

ဂန္ဓမာပန်းတွေကတော့ အရှေ့အာရှနဲ့အရှေ့မြောက်ဥရောပမှာပေါက်လေ့ပေါက်ထရှိတဲ့ အပင်အမျိုးအစားဖြစ်ပါတယ်။မျိုးစိတ်အများစုကတော့ အရှေ့အာရှမှာ ရှိကြပြီး အဖြူ၊ အပြာ၊ အဝါ၊ အနီ၊ ခရမ်းစသည်ဖြင့် အရောင်မျိုးစုံ ဖူးပွင့်ကြပါတယ်။ မအိမွန်ဝင်းက ၂၀၁၅ ခုနှစ်တည်းကစတင်ပြီး ဂန္ဓမာပန်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့သူပါ။ စတင်လုပ်ကိုင်ခဲ့စဉ်ကတော့ပျိုးပင်ပေါက်အနည်းငယ်နှင့်စတင်ခဲ့ပြီး လက်ရှိမှာတော့ ပန်းဇကတစ်ဇကေဖြင့် သူမစီးပွားရေးကို လည်ပတ်လျက်ရှိပါတယ်။

ဂန္ဓမာပျိုးပင်ပေါက်တွေကို ရှမ်းပြည်နယ်၊တောင်ကြီးကနေမှာယူပြီး သူမရဲ့ ခြံထဲမှာ နှစ်စဉ် မေလက စတင်ပြီးစိုက်ပျိုးပါတယ်။ သုံးလေးလ ကြာပြီး ဂန္ဓမာပန်းတွေ စတင်ဖူးပွင့်လာပြီဆိုရင်တော့ ရောင်းချဖို့ အသင့်ဖြစ်နေပါပြီ။

မအိမွန်ဝင်းကတော့ ဂန္ဓမာပန်းတွေကို သူမအိမ် မှာရော၊ ရန်ကုန်ရှိ သီရိမင်္ဂလာဈေးမှာရော ရောင်းချလျက်ရှိပါတယ်။

လက်တလောမှာတော့ မအိမွန်ဝင်းက အပင်ဖျန်းဆေးတွေနဲ့ ပို့ဆောင်ခတွေ ဈေးကြီးနေတဲ့ အခက်အခဲကို ကြုံတွေ့ နေရပါတယ်။သူမသည် ASGB ခရမ်းရုံးခွဲ၏ အသင်းဝင် အသစ်တစ်ယောက်ဖြစ်ပြီး သူမရဲ့ မိတ်ဆွေဖြစ်သူ၏ ရည်ညွှန်းချက် ကြောင့်၂၀၂၂ ခုနှစ်တွင် ASGB ကိုစတင်သိရှိခဲ့ပါတယ်။

“မင်းလှမှ
အဝတ်အထည်ဆိုင်လုပ်ငန်း
လုပ်ကိုင်သူ
မလဲ့လဲ့ဝင်း”



“ ASGB ကနေ ရတဲ့ အသေးစားချေးငွေနဲ့ ကျွန်မရဲ့ customer တွေအကြိုက်နဲ့ ကိုက်ညီမှုရှိတဲ့ ပိုပြီးအမျိုးစားဖက်ရှင်စုံတဲ့ အဝတ်အထည်တွေကို ဝယ်ပြီးတော့ရင်းနှီးခဲ့တာပေါ့။ ရလဒ်အနေနဲ့ကတော့ အမြတ်ရခဲ့ပါတယ်။ ကျွန်မရဲ့ လုပ်ငန်းကိုတိုးချဲ့ခွင့်ပေးတဲ့ အတွက်လည်း ASGB ကိုအထူးပင် ကျေးဇူးတင်ပါတယ်ရှင်။ ”

*- မလဲ့လဲ့ဝင်း (မင်းလှမှ အထည်ဆိုင်ဖွင့်ထားသူ) -*

မလဲ့လဲ့ဝင်းကတော့မင်းလှမှာရှိတဲ့ အောင်မြင်နေတဲ့ အဝတ်အထည် ဆိုင်ပိုင်ရှင် တစ်ဦးပဲ ဖြစ်ပါတယ်။သူမရဲ့အထည်ဆိုင်ကိုတော့၂၀၁၇ ခုနှစ်ကစပြီး ဖွင့်ခဲ့တာပေါ့။ မလဲ့လဲ့ဝင်းက တစ်လတစ်ခါ ရန်ကုန်မြို့၊မင်္ဂလာဈေးမှာရှိတဲ့ အဝတ်အထည် ဒိုင်ဆိုင် အကြီးကြီးကနေ သူမရဲ့ customer တွေအကြိုက်နဲ့ လိုချင်တဲ့ပုံပေါ်မူတည်ပြီးဖက်ရှင်ကျတဲ့ အဝတ်အစားတွေ၊ အထူးသဖြင့် အမျိုးသမီးဝတ်တွေကို ရွေးချယ်ဝယ်ယူပြီး သူမဆိုင်မှာ ရောင်းချလျက်ရှိပါတယ်။

သူမဆိုင်ကသူမအိမ်မှာပဲ ဖွင့်ထားတော့ တခြားဆိုင်တွေကိုဆိုင်ခန်းငှားခအတွက် စိတ်ပူစရာမလိုတော့တဲ့အပြင် COVID-19ကာလအတွင်းမှာတောင်မြို့ထဲကတစ်ခြားဆိုင်တွေလို ယာယီပိတ်ထားစရာမလိုဘဲ ဆက်လက်ဖွင့်နိုင်ခဲ့တာပေါ့။ သူမကတော့ ASGB ကို ၂၀၁၈ ခုနှစ် ကစပြီး ရင်းနှီးဖွယ် ကောင်းတဲ့ ချေးငွေအရာရှိများက သူမရဲ့ ဆိုင်ကိုလာရောက်ကာ သူမ လုပ်ကိုင်နေတဲ့ စီးပွားရေးနဲ့ ကိုက်ညီတဲ့ ချေးငွေထုတ်ကုန် အမျိုးမျိုးကို မိတ်ဆက် ပေးခြင်းဖြင့် စတင်သိခဲ့ပါတယ်။ သူမသည် ၂၀၁၈ ခုနှစ် တည်းက “စီးပွားရေးပြန်လည် ထူထောင်ရေးချေးငွေ” အပါအဝင် အခြားသော ချေးငွေသုံးခု ကို ယူခဲ့ပါတယ်။

### ASGB ၏ ချေးငွေဝန်ဆောင်မှုများ

- ချေးငွေပမာဏ - သိန်းတစ်ရာကျပ်အထိ
- ချေးငွေကာလ - ၁၂ လအထိ
- ချေးငွေအမျိုးအစား - နေ့စဉ်၊ နှစ်ပတ်တစ်ကြိမ်၊ လစဉ်
- အတိုးနှုန်း - ၂.၃၃%

### ASGB ၏ ချေးငွေထုတ်ကုန်များ

- လုပ်ငန်းသုံးချေးငွေ
- အထွေထွေချေးငွေ
- ဝန်ထမ်းချေးငွေ
- အုပ်စုဖွဲ့ချေးငွေ

## အသစ်ဖြစ်သော Core Banking system တစ်ခုနှင့် မိတ်ဆက်ခြင်း




ဒီဂျစ်တယ် နည်းပညာများမှတစ်ဆင့် ASGB ၏ ဝန်ဆောင်မှုများကို ဖောက်သည်များထံ လွယ်ကူစွာ ရောက်ရှိစေရန်သည် ASGB ၏ စီးပွားရေးစီမံချက်ထဲမှ ရည်ရွယ်ချက်တစ်ခု ဖြစ်သည်။ ၎င်းရည်မှန်းချက်ကို ပြုလုပ်နိုင်ရန် မြန်မာနိုင်ငံတစ်ဝန်းမှာ ကျွန်ုပ်တို့၏ စီးပွားရေးအစီအစဉ်များကို အရှိန်မြှင့်ရန်အတွက် Musoni ကို အခြေခံဘဏ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ် လုပ်ဖော်ကိုင်ဖက် အဖြစ် ရွေးချယ်လိုက်ပါသည်။ Musoni သည် အသေးစား ငွေချေးလုပ်ငန်းများအတွက် ဈေးကွက်ထဲတွင် ဦးဆောင်လျက်ရှိသော ဒီဂျစ်တယ်ပါတနာ ဖြစ်ပြီး ဒီဂျစ်တယ်နည်းဖြင့် လုပ်ငန်းလည်ပတ်နိုင်စေရန် ငွေကြေးနှင့် သက်ဆိုင်သော အဖွဲ့အစည်းများကို ကူညီပေး လျက်ရှိပါသည်။

ASGB သည် ချေးငွေ၊ စုဆောင်းငွေနှင့် လူမှုဖူလုံရေး ထုတ်ကုန်များကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ Musoni သည် ကျေးလက်၊မြို့ပြ ဒေသများတွင် စီးပွားရေးလုပ်ငန်းများစတင်ရန် ၎င်း၊ တိုးချဲ့ရန်၎င်း ငွေကြေးထောက်ပံ့မှု လိုအပ်နေသည့် ဖောက်သည်များဆီ ASGB ၏ ဝန်ဆောင်မှုများ ပိုမိုရောက်ရှိစေရန် လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ပါသည်။

၎င်း Project သည် (၃)လ ကြာမြင့်ခဲ့သည်။ စိန်ခေါ်မှုများရှိခဲ့သော်လည်း ထိုပရောဂျက်ကို ပြီးမြောက်အောင် လုပ်ဆောင် နေစဉ်အတွင်း ASGB Project အဖွဲ့ဝင်များသည် များစွာသော ကျွမ်းကျင်မှုများနှင့် စွမ်းရည်များကို သင်ယူ တိုးတက်စေခဲ့သည်။ Musoni ၏ ကျွမ်းကျင်သော ထောက်ပံ့မှုများကို အထူးပင် ကျေးဇူးတင်ရှိပါသည်။၎င်းထောက်ပံ့မှုများ ကြောင့် ထိုစီမံကိန်းကိုအောင်မြင်စွာပြီးစီးခဲ့ပြီး Musoni system ကို ဧပြီလ (၁) ရက် ၂၀၂၂ ခုနှစ်တွင် စတင်အသုံးပြု ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင်ထိရောက်မှုအရှိဆုံးနှင့်ဆန်းသစ်တီထွင်မှု အကောင်းဆုံး အသေးစား အလတ်စား ချေးငွေ လုပ်ငန်း ဖြစ်စေရန်၊ ဖောက်သည် ဦးစားပေး ငွေကြေးဝန်ဆောင်မှုများ ပေးနိုင်ရန် စသည့် ရည်မှန်းချက်ကို ရရှိစေရန် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု စွမ်းရည်များကို ဆက်လက်၍ ပိုမိုမြှင့်တင်သွားမည်ဖြစ်ပါသည်။

> **We continue to achieve together!**

## ဂျပန်နိုင်ငံရှိ အလုပ်အကိုင်များကို ထောက်ပံ့ရန် ပြည်ပလုပ်သားချေးငွေ မိတ်ဆက်ခြင်း



ဂျပန်နိုင်ငံတွင် နည်းပညာသင်တန်းသား (Ginou JisshuSei) အဖြစ်၎င်း၊အထူးကျွမ်းကျင်လုပ်သား (Tokutei Ginou)အဖြစ် ၎င်းလုပ်ကိုင်လိုသူ မြန်မာလူမျိုးများကို ထောက်ပံ့ရန် အတွက် ကျွန်ုပ်တို့သည် ချေးငွေထုတ်ကုန်အသစ် ဖြစ်သော"ပြည်ပလုပ်သားချေးငွေ" ကို မိတ်ဆက်ခဲ့ကြပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ဂျပန်နိုင်ငံတွင် နေထိုင်ကြသော မြန်မာလူမျိုး အရေအတွက်သည် တစ်သမတ်တည်း တိုးများလာခဲ့ပြီး ၂၀၂၁ ခုနှစ်တွင်လူဦးရေ ၃၆,၀၀၀သို့ ရောက်ရှိခဲ့သည်။ နည်းပညာသင်တန်းပရိုဂရမ် (Technical Intern Training)၏ အကျိုးရလဒ်များကို ဝေမျှရန်နှင့် နိုင်ငံတကာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်းကိုမြှင့်တင်ရန်ဂျပန်

# ဂျပန်နိုင်ငံရှိ အလုပ်အကိုင်များကို ထောက်ပံ့ရန် ပြည်ပလုပ်သားချေးငွေ မိတ်ဆက်ခြင်း

အစိုးရနှင့် မြန်မာအစိုးရတို့သည် ၂၀၁၈ ခုနစ်တွင်တွင် နားလည်မှု စာချွန်လွှာ (MOU) ရေးထိုးခဲ့ကြသည်။ MOU ထိုးပြီးနောက်တွင် နည်းပညာသင်တန်းသားနှင့် အထူးကျွမ်းကျင်လုပ်သား အရေအတွက်သည် သိသာစွာ တိုးများခဲ့ပြီး ၂၀၂၁ ခုနှစ်တွင်ဂျပန်တွင်နေထိုင်သူမြန်မာလူဦးရေ ၄၀% ဖြစ်ခဲ့သည်။ လူဦးရေကျဆင်းလာမှုကြောင့် ဂျပန်နိုင်ငံမှာ အရေးပါတဲ့ လုပ်သား ကွာဟချက်ကို ဖြည့်ဆည်းရန်နှင့် မြန်မာလူငယ်များ အကြား ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများကိုရှာဖွေရန် စိတ်ဝင်စားမှုများပြားလာခြင်းကြောင့် ၎င်းတိုးတက်မှုသည်အဆက်မပြတ် ကြီးထွားလာမည်ဟု မျှော်လင့်ရပါသည်။

သို့သော် မြန်မာနိုင်ငံရှိ လူငယ်အများစုသည် ငွေကြေးအကန့်အသတ်များကြောင့် မိမိတို့ရဲ့ အိပ်မက်တွေကိုသဘောပေါက်နားမလည်နိုင်ကြဖြစ်နေပါသည်။ ခရီးသွားခြင်းနှင့် အခြားတိုင်းပြည်သို့ပြောင်းရွှေ့ရမည့် အစပိုင်းကုန်ကျစရိတ်ကိုမတတ်နိုင်သော မိသားစုအချို့ မှလာပေကြမည်။ အလျင်အမြန်ပြောင်းလဲနေတဲ့ ပတ်ဝန်းကျင်နှင့် လိုအပ်ချက်များ၊ အခွင့်အလမ်းများ များပြားလာသည်များကို ပြုမူဆောင်ရွက်ရန် ၎င်းတို့၏အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံသို့သွားရန်ဆန္ဒရှိသောမြန်မာလူမျိုးများကိုလုံလောက်သော ဘဏ္ဍာရေးအထောက်အပံ့များပေးရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့သည် ပြည်ပ လုပ်သားချေးငွေကို pilot project အနေနှင့် ဈေးကွက်ထဲသို့စတင် မိတ်ဆက်ပေးခဲ့သည်။ ၎င်းသင်တန်းများနှင့် ဂျပန်နိုင်ငံရှိ အလုပ်အကိုင်များမှတစ်ဆင့်မြန်မာလူငယ်များ၏ ကျွမ်းကျင်မှုများ၊ အရည်အသွေးများကို မြှင့်တင်ရန် နှင့် အရည်အချင်းမြင့်မားသော လူငယ်များအဖြစ် မြန်မာနိုင်ငံသို့ ပြန်လာကာ အမိနိုင်ငံ၏ အနာဂတ်အတွက်ဖွံ့ဖြိုးတိုးတက်အောင် ကူညီထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။

ပြည်ပအလုပ်သမားချေးငွေ စတင်မိတ်ဆက်ခြင်း အောင်မြင်မှုအတွက် customer များ၏လိုအပ်ချက်များကိုနားလည်ပြီး ၎င်းတို့၏ လိုအပ်နေသည့် အရာများနှင့် ကိုက်ညီမှုရှိသည့် ချေးငွေထုတ်ကုန်ကို ဒီဇိုင်းဆွဲရန်နှင့် ဖြစ်လာနိုင်သော အတားအဆီးများကို ကျော်လွှားရန် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံရှိ လိုင်စင်ရ ပြည်ပ အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီ များနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ အလုပ်အကိုင် များကို ထောက်ပံ့ပေးဖို့ ရည်ရွယ်ထားသော ချေးငွေထုတ်ကုန်ကို ဆက်လက်လုပ်ဆောင် နိုင်စေသောချေးငွေစိစစ်အကဲဖြတ်ခြင်း နှင့် customer များ၏အချိန်မှန် ချေးငွေပြန်လည်ပေးဆပ်နိုင်ခြင်း ကိုသေချာစေရန် ပြည်ပအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းသည် အရေးပါသောအခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်မည်ဖြစ်သည်။

ပြည်ပ အလုပ်သမားချေးငွေ pilot project ကိုဆောင်ရွက်ရန် ကျွန်ုပ်တို့သည် Kakehashi Myanmar ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် မကြာသေးခင်က နားလည်မှု စာချွန်လွှာ ရေးထိုးခဲ့ကြပါသည်။ အလုပ်သမားဝန်ကြီးဌာန မှ လိုင်စင်ရထားသော Kakehashi Myanmar သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတွင် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီအဖြစ်မှတ်ပုံတင်ထားကာ မြန်မာနိုင်ငံမှ အလုပ်သမားများအား နည်းပညာသင်တန်းသားများ၊ အထူး ကျွမ်းကျင် လုပ်သားများ အဖြစ် ဂျပန်နိုင်ငံသို့ စေလွှတ်ပြီး လုပ်သားများသည်လည်း ဂျပန်နိုင်ငံတွင် ရရှိလာခဲ့သော နည်းပညာ ပိုင်းဆိုင်ရာကျွမ်းကျင်မှုများ နှင့် ဗဟုသုတများကို အသုံးချလျက်ရှိပါသည်။ Kakehashi Myanmar နှင့် ပူးပေါင်းဆောင်ရွက်မှု များမှ တစ်ဆင့် ဂျပန်သို့ထွက်ခွာရန် စောင့်ဆိုင်းလျက် ရှိသော အလုပ်လျှောက်ထားသူများကို ချေးငွေ ပေးမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည်"ပြည်ပလုပ်သားချေးငွေ"pilot projectကိုအောင်မြင်စွာပြီးမြောက်သောအခါ၊ ပြည်ပအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နိုင်ငံအနှံ့ ထိုချေးငွေအသစ်ကို လျင်မြန်စွာ ထောက်ပံ့ရန်စီစဉ်လျက်ရှိပါသည်။ လုပ်ငန်းနယ်ပယ်မှ သက်ဆိုင်သော ကျွမ်းကျင်သူများ၊တီထွင်ဆန်းသစ်မှုများနှင့် ကျွန်ုပ်တို့သည် customer များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဆက်လက်ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

## ခရမ်းရုံးခွဲ နေရာအသစ်သို့ ပြောင်းရွှေ့ခြင်း



ASGB ၏ ခရမ်းရုံးခွဲသည် ဇူလိုင်လ (၁) ရက် ၂၀၂၂ ခုနှစ်တွင် ရုံးနေရာအသစ်သို့ ပြောင်းရွှေ့ခဲ့ကြောင်းကို မိဘပြည်သူများအား ပျော်ရွှင်စွာဖြင့်အသိပေးအကြောင်းကြားအပ်ပါသည်။

**ခရမ်းရုံးခွဲတည်ရှိရာ လိပ်စာအသစ်**

အမှတ် (၄၅၁)၊ အောင်သစ္စာလမ်း (ဦးညီလှလမ်း)၊
(၃)ရက်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ။
Phone No: +95 9777798104, +95 9777798347

၂၀၂၂ ခုနှစ် ဇူလိုင်လ (၇) ရက်နေ့တွင် ခရမ်းရုံးခွဲနေရာအသစ်အတွက် သံဃာတော်တစ်ပါးပင့်ကာ ဆွမ်းကပ်ပြီး အလှူအတန်းများပြုလုပ်ခဲ့ကြပါသည်။ အိမ်နီးနားချင်းများ၊ customer များကလည်း အလှူဒါနတွင်ပါဝင်ကာ ကုသိုလ်ယူခဲ့ကြပါသည်။

ASGB အနေနှင့် customer များကို ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် ဆက်လက်၍ အကောင်းဆုံး လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ အမြဲလိုလို အကူအညီများ၊အထောက်အပံ့များ ပေးလျက်ရှိသော လူကြီးမင်းများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

# ငွေကြေးနဲ့ဆိုင်တဲ့ ဗဟုသုတတွေ ရှာကြမယ်...

ASG Bancorp
MICROFINANCE

**❝ အကြွေးတွေကို ဘယ်လို စီမံကြမလဲ....? ❞**

ဒါကတော့ ငွေကြေးစီမံခန့်ခွဲမှု မှာ အရေးကြီးတဲ့ အပိုင်းအနေနဲ့ ပါဝင်နေပါတယ်။
အကြွေးစီမံခန့်ခွဲတဲ့ ယေဘုယျ နည်းစနစ်အချို့ကို လေ့လာကြည့်ရအောင်။

(၁) အကြွေးစာရင်းပြုလုပ်ပါ။ (တစ်လစာပေးဆပ်ရမဲ့ ပမာဏကို တွက်ချက်ပါ။)

(၂) အကြွေးများကို အဆင့်သတ်မှတ်ပါ။ (အရေးတကြီး ဆပ်စရာ ရှိတာတွေကို ထိပ်ဆုံးမှာ ထားပါ)

(၃) အကြွေးဆပ်ဖို့ အတွက် အသုံးစရိတ်များကို လျှော့ချပြီး အပိုငွေကို ရှာပါ။ (ဥပမာ - တစ်လစာ ပုံမှန်သုံးတဲ့ ပမာဏထက် လျှော့သုံးပြီး အပိုငွေ ထွက်အောင်လုပ်ခြင်း)

(၄) အချိန်တစ်ချိန်တွင် အကြွေးတစ်ခုကိုပဲ အာရုံစိုက်ပါ။ (အကြွေးစာရင်းထဲက ထိပ်ဆုံးမှာ ရှိနေတဲ့ အရေးတကြီး ဆပ်စရာ အကြွေးတွေကိုပြောတာပေါ့) အဲ့သည်လို တစ်ခုထဲကို အရင်အာရုံစိုက်ခြင်းဖြင့် အကြွေးဆပ်ရတာ ပိုမို လွယ်ကူမည်ဖြစ်ပါတယ်။

(၅) အကြွေးများ အကုန်ဆပ်ပြီးလျှင် စုဆောင်းငွေထားရှိပါ။ ဒါက အနာဂတ်မှာ အကြွေးတွေထပ် မဖြစ်အောင် တားဆီး ပေးပါလိမ့်မယ်။
အကြွေးရှိတယ်ဆိုတာ ရှက်စရာမဟုတ်ပါဘူးနော်။ စီမံတတ်ဖို့က အဓိကပါပဲရှင်။

---

**❝ ချေးငွေမယူခင် ဘယ်လိုအချက်အလက်လေးတွေ ထည့်သွင်းစဉ်းစားသင့်လဲ ❞**

(၁) ပထမဆုံး အချက်ကတော့ ချေးငွေလျှောက်ဖို့ လိုအပ်ချက်တွေနဲ့ ကိုက်ညီမှုရှိမရှိ စစ်ဆေးပါ။

(၂) သင့်ရဲ့လက်ရှိ ငွေကြေးအခြေအနေကို သိအောင်လုပ်ပါ။ ထိုသို့ပြုလုပ်ခြင်းကတော့ သင်မည်မျှ ချေးငွေ လိုအပ်ကြောင်း နဲ့ ပြန်ဆပ်နိုင်ကြောင်းကို နားလည်စေပါလိမ့်မယ်။

(၃) ချေးငွေအတိုးနှုန်းကိုလည်း သိအောင်လုပ်ပါ။

(၄) ချေးငွေစာချုပ်မှာ ပါဝင်တဲ့ အချက်များနဲ့ ချေးငွေ သတ်မှတ်ချက် (Loan Terms and conditions) တွေကို သိနားလည်အောင် လုပ်ပါ။

(၅) နောက်အရေးကြီးတဲ့ အချက်ကတော့ ငွေကိုဘယ်လို ပြန်ဆပ်မလဲဆိုတာကို သေချာအစီအစဉ် ဆွဲထားတာပဲ ဖြစ်ပါတယ်။ အကယ်၍ သင်က စီးပွားရေးလုပ်ငန်းစတင်ဖို့ ချေးငွေ တစ်ခုအတွက် လျှောက်ထားတာ ဆိုရင်တော့ စီးပွားရေး ပျက်ခြင်းနှင့်ကြုံလျှင် ၎င်းကို ဘယ်လိုပြန်ပေးနိုင်မလဲ (သို့မဟုတ်) သင် စီမံကိန်း ဆွဲထားတဲ့ အတိုင်း အမြတ်အစွန်း အလုံအလောက်မရရှိပါက ၎င်းကို ဘယ်လို ပြန်ပေးနိုင်မလဲကို အစီအစဉ်တစ်ခုကြိုတင်ရှိပါစေ။ ဒီအချက်ကတော့ အကြွေးထဲမှာ မနစ်မြုပ်စေဖို့အတွက် အရမ်းအရေးကြီးပါတယ်။

ဒါလေးတွေကတော့ ချေးငွေမယူခင် ထည့်သွင်းစဉ်းစားရမဲ့ ယေဘုယျ အချက်လေးတွေပဲ ဖြစ်ပါတယ်ရှင်။ ဗဟုသုတရကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်ရှင်။

"သေးငယ်သောကုန်ကျစရိတ်များကို သတိထားပါ။သေးငယ်သော ယိုစိမ့်မှုကနေ သင်္ဘောကြီးတစ်ခုလုံးကို နစ်မြုပ်သွားစေနိုင်ပါတယ်။"
-ဘင်ဂျမင် ဖရန့်ကလင် (Benjamin Franklin)-

# ယောဂတူတူ လုပ်ကြမယ်…။

## ယောဂအကြောင်းသိကောင်းစရာ

ယောဂသည် အိန္ဒိယ အတွေးအခေါ်ကို အခြေပြုထားပြီး ရှေးကျပြီး ခက်ခဲတဲ့ အလေ့အကျင့်တစ်ခုဖြစ်ပါသည်။ ၎င်းသည် စိတ်ဝိညာဉ်ပိုင်းနှင့်ဆိုင်သော အလေ့အကျင့်တစ်ခုအနေနှင့် စတင်ခဲ့ပြီး နောက်ပိုင်းမှာတော့ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ကျန်းမာရေးအတွက် အကျိုးပြုသော အလေ့အကျင့်တစ်ခုအဖြစ် လူသိများခဲ့ပါသည်။ ယောဂအစကို လွန်ခဲ့သော နှစ်ပေါင်း ၅,၀၀၀ ကျော်က အိန္ဒိယမြောက်ပိုင်းရှိ အိန္ဒု-ဆာရာစဗာတီယဉ်ကျေးမှု (Indus-Sarasvati civilization) က တီထွင်ခဲ့ပါသည်။ ယောဂသည် မြန်မာနိုင်ငံရှိ လူငယ်များအကြား နာမည်ကြီးလာပြီး ယောဂသင်တန်းများ ရန်ကုန်တွင် များပြားလာလျက်ရှိပါသည်။ ယခု ASGB ၏ သတင်းစာတိုင်း တွင်လည်း မိမိတို့၏ နေအိမ်တွင် လေ့ကျင့်လို့ရစေရန် ယောဂပုံစံများကို မိတ်ဆက်ပေးမည်ဖြစ်သည်။







## Trikonasana (ထရိုင်ကိုနဆန)

Trikonasana yoga (ထရိုင်ကိုနဆန ယောဂ) ကို အင်္ဂလိပ်လိုဆိုရင်တော့ "တြိဂံပုံစံ" ဟု၍ သိကြပါတယ်။ ၎င်းပုံစံ အနေအထားကတော့ ခန္ဓာကိုယ်ရှိ အစိတ်အပိုင်းတော်တော်များများကို ဆန့်တန်းစေနိုင်တဲ့အတွက်  အညောင်းအညာ လည်းပြေစေနိုင်မှာဖြစ်ပါတယ်။

## အကျိုးကျေးဇူးများ

- ခန္ဓာကိုယ်ရှိ အစိတ်အပိုင်းတော်တော်များများကို ဆန့်တန်းစေနိုင်ခြင်း။ တင်၊ ဒူး၊ ခြေကျင်းဝတ် စတဲ့အစိတ်ပိုင်းတွေ တစ်ဝိုက်မှာရှိတဲ့ ကြွက်သား များကို ဆန့်တန်းစေနိုင်ခြင်း။
- ဇီဝကမ္မဖြစ်စဉ်ကို မြှင့်တင်ပေးခြင်း။ အစာခြေစနစ်ကောင်းမွန်ခြင်း၊ ဟန်ချက်ညီစေပြီး စိတ်နဲ့ ကိုယ်ခန္ဓာကို ညှိနှိုင်းပေးခြင်း။
- ပေါင်နှင့် ဗိုက်တွင်ရှိသော အဆီကိုလျှော့ချပေးခြင်း။
- စိတ်ဖိစီးမှုများ၊ စိတ်ပူပန်မှုများနှင့် အမျိုးသမီးရာသီစက်ဝန်းကြောင့် ဖြစ်ပေါ်သော နာကျင်မှုများကို လျှော့ချပေးခြင်း။













1.ပုံတွင်ပြထားသည့်အတိုင်း ခြေထောက်နှစ်ဖက်ကို ဆန့်တန်းပြီး ခပ်ကျယ်ကျယ်ခွာပြီး ရပ်ပါ။ ပြီးလျှင် လက်နှစ်ဖက်ကို ရေပြင်ညီအတိုင်း ဖြောင့်တန်းစွာ ဆန့်ထားပါ။

2.ညာဘက် ခြေဖဝါးကို ပုံတွင်ပြထားသည့်အတိုင်း ဘေးဘက်ကိုလှည့်ထားပါ။

3.ညာဘက်လက်ကို ခြေကျင်းဝတ်နှင့် ထိစပ်ထားပါ။

4.ဘယ်ဘက်လက်ကို ပုံတွင်ပြထားသည့်အတိုင်း ဒေါင်လိုက် ဖြောင့်တန်းထားပြီး နာရီလက်တံလှည့်သည့်အတိုင်း ကျောရိုးနှင့် ခန္ဓာကိုယ်ကို လှည့်လိုက်ပါ။ ပြီးလျှင် ဦးခေါင်းကို ဘယ်ဘက်လက်ရှိရာသို့ လှည့်ပြီး၊ ဖြောင့်တန်း ထားသော ဘယ်ဘက်လက်ထိပ်ကို ငေးကြည့်နေသယောင် ပြုလုပ်ပါ။

5.၎င်း အနေအထားအတိုင်း ၅ခေါက်၊ ၁၀ ခေါက် အသက်ရှူသလောက် အချိန်ခနထားပြီး နောက်တစ်ဖက် ပုံစံကိုပြောင်းပါ။

# အသင်းသားများထံသို့ အမှာစကား



"ASGB ကနေချေးငွေယူပြီဆိုရင် ပြန်လည်ပေးဆပ်ရမဲ့အချိန်ဇယား စာရွက် (repayment schedule) နဲ့ ငွေလက်ခံ ဖြတ်ပိုင်း (collection vouchers) တွေက အရမ်းအရေးကြီးတာမို့လို့ မပျောက်စေနဲ့နော်။"

## ရန်ကုန်ရုံးချုပ်

အမှတ် (B2)၊ ဒုတိယထပ်၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။
ဖုန်းနံပါတ်: +95 9408555115, +95 9408555110

## မင်းလှရုံးခွဲ

အမှတ် (၄)၊ ကျောင်းလမ်း၊ (၂)ရက်ကွက်၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်း။
ဖုန်းနံပါတ်: +95 9404665850, +95 9404665860

## ခရမ်းရုံးခွဲ

အမှတ် (၄၅၁)၊ အောင်သစ္စာလမ်း၊ (ဦးညီလှလမ်း)၊ (၃) ရပ်ကွက်၊ ပဲခူးတိုင်း။
ဖုန်းနံပါတ်: +95 9777798104, +95 9777798347

Facebook

Website